# မင်းဘူးမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

==================================

## ဒေသသမိုင်းအကျဉ်း

--------------------------

မင်းဘူး(စကု)မြို့နယ်တွင်း မင်းဘူးမြို့နှင့် စကုမြို့ဟူ၍ မြို့(၂)မြို့ပါဝင်ပါသည်။ မင်းဘူးမြို့၏ နောက်ခံသမိုင်းမှာ အနောက်ရိုးမမှ စီးဆင်းလာသော မန်းချောင်းသည် ဧရာဝတီမြစ်နှင့်ပေါင်းဆုံသည့် နေရာ အနီးတည်ရှိသဖြင့် မန်းပူး - မင်းပူး - မင်းဘူးဟူ၍လည်းကောင်း၊ မမင်းဘူးဘုရားကို အစွဲပြု၍ လည်းကောင်း၊ မင်းဘူးဟုအမည်တွင်ခဲ့ပါသည်။ စကုမြို့ပေါ်ပေါက်လာပုံမှာ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တွင် ဝါဏိစ္စဂါမဟု အမည်တွင်သော ယခုပွင့်ဖြူမြို့နယ်၊ သစ်တောင်ရွာမှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားသော မဟာပုဏ္ဏ၊ စူဠပုဏ္ဏညီနောင်(၂)ဦးအနက် ရဟန်းဖြစ်လာသော မဟာပုဏ္ဏ မထေရ်သည် သုနာပရန္တတိုင်းသို့ ကြွလာ၍ တရားအားထုတ်သည့် နေရာ(၂)ခုအနက် စကုမြို့မှ ထေရ်ကြီး(ထီးကြီး) ဘုရားတည်နေရာ (မာတုလာဂီရအရပ်)သည် ကျေးငှက်သံများနှင့် ဆူညံစွာ တည်ရှိသည့်အတွက် ပါဠိအခေါ်(သကုန) သကု - စကုဟု ပြောင်းလဲခေါ်ဝေါ်အမည်တွင်ခဲ့ပါသည်။ ၁၈၈၆ခုနှစ် နေရာဒေသ ကောင်းမွန်မှုအရ ခရိုင်ရုံးစိုက်ရာ မြို့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ လက်ထက်တွင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီအဆင့်ဆင့် ဖွဲ့စည်း၍ ခရိုင်အား မင်းဘူးမြို့တွင်ဖွင့်လှစ်ပြီး မြို့နယ်ရုံးများကို စကုမြို့တွင်ဖွင့်လှစ်ခဲ့ ပါ သည်။ ၁၉၇၂ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် အုပ်ချုပ်ရေးစနစ် ပြောင်းလဲ၍ ခရိုင်အဆင့်ရုံးများ ဖျက်သိမ်းပြီး နောက်တွင် စကုမြို့ရှိ မြို့နယ်အဆင့်ရုံးများအား မင်းဘူးမြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၄ခုနှစ် ၊ ပြည်သူကောင်စီအဆင့်ဆင့်ဖွဲ့စည်း တာဝန်ယူသည့်အချိန်တွင် ယခင်စကုမြို့နယ်ဟု သတ်မှတ် ခေါ်ဝေါ်ခဲ့ရာမှ မင်းဘူး(စကု)မြို့နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ မင်းဘူး(စကု)မြို့နယ်သည် ပြည်ထဲရေး ဝန်ကြီးဌာန၏ (၃၁.၃.၁၉၇၃)ရက်စွဲပါ စာအမှတ် ၃/၁၂၂/ အထ(၂)ဖြင့် ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပါသည်။

## တည်နေရာအကျယ်အဝန်း

----------------------------

မင်းဘူး(စကု)မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၃ မိနစ်နှင့် ၂၈ ဒီဂရီ ၁၉ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ဝဝ မိနစ်အကြားတွင် တည်ရှိပါသည်။ အရှေ့မှ အနောက်သို့ (၄၆)မိုင်ရှိပြီး တောင်မှမြောက်သို့(၄၂)မိုင် ရှည်လျားပါသည်။ မင်းဘူး(စကု)မြို့နယ်၏ အကျယ်အဝန်းမှာ (၆၄၂.၇၁ဝ)စတုရန်းမိုင်နှင့် မြို့၏အကျယ်အဝန်းမှာ (၁.၅၂၈၂) ဧရိယာစတုရန်းမိုင် ဖြစ်ပါသည်။

## နယ်နိမိတ်

-------------

မင်းဘူး(စကု)မြို့နယ်၏ အရှေ့ဘက်တွင် မကွေးမြို့နယ်၊ တောင်ဘက်တွင် သရက်ခရိုင်၊ မင်းလှမြို့နယ်နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ငဖဲမြို့နယ်နှင့် ထိစပ်လျက်ရှိပြီး၊ မြောက်ဘက်တွင် ပွင့်ဖြူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

**မြေမျက်နှာသွင်ပြင်**

---------------------

မင်းဘူး(စကု)မြို့နယ်သည် တောင်ကုန်း၊ တောင်တန်းပေါ်များပြီး သစ်တောများ ဖုံးလွှမ်းလျက်ရှိပါသည်။ ထင်ရှားသော မြစ်ချောင်းများမှာ ဧရာဝတီမြစ်၊ ဆားပွက်ချောင်းနှင့် မန်းချောင်းတို့ဖြစ်ပါသည်။

**ရေဆင်း**

----------

မင်းဘူး(စကု)မြို့နယ်တွင် မြစ်ချောင်းများပေါ်များသည့် ဒေသတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပြီး ဆားပွက်ချောင်းနှင့် မန်းချောင်းတို့သည် အနောက်မှ အရှေ့သို့ စီးဆင်း လျက်ရှိပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

--------------------------------------------

မင်းဘူး(စကု)မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၁၆၄)ပေတွင်ရှိပါသည်။ အမြင့်ဆုံးတောင်မှာ တောင်ကြီး (ဖလံရုံ)တောင်ဖြစ်၍ အနိမ့်ဆုံး အရပ်ဒေသမှာ ခွေးမတက်တောင်ဖြစ်ပါသည်။

**ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်**

----------------------------------------

**ရာသီဥတု**

-----------

မင်းဘူး(စကု)မြို့နယ်၏ ရာသီဥတုအခြေအနေမှာ ပူပြင်းခြောက်သွေ့သော အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်ပါဝင်ပြီး အမြင့်ဆုံးအပူချိန်မှာ ၄၄.၇’င နှင့် ၁၉.၈’င ရှိပါသည်။

**သဘာဝပေါက်ပင်များ**

------------------------

မင်းဘူး(စကု)မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ပျဉ်းကတိုး၊ အင်ကြင်း၊ ကုက္ကိုလ်၊ နဘဲ၊ ယင်းမာ၊ သစ်ပုလွေ၊ အင်၊ ငုံ၊ သင်းဝင်ပင်တို့ ဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

-----------------------------

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ တောရိုင်းတိရိစ္ဆာန်များမှာ တောဝက်၊ သမင်၊ ဆွေသမင်၊ ဂျီ၊ တောခွေး၊ တောကြောင်၊ မျောက် စသည်တို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

---------------------------------------------------

မင်းဘူး(စကု) မြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင် အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု ( ၃၂.၆၈ %) ရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ ( ၁၄.၇၂ %) ဖြစ်ပြီး ကြိုးပြင်ကာကွယ် တောဖုံးလွှမ်းမှုမှာ ( ၇.၄၁ %)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သစ်တောဖုံးလွှမ်းမှု ( ၁၀.၅၅ %) ဖြစ် ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

-----------------------------------------------------------

မင်းဘူး(စကု)မြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကြိုးဝိုင်းတော (၆၀၅၃၄.၆၆) ဧက၊ ကြိုးပြင်တော(၃၀၄၉၀)ဧက ထိန်းသိမ်းလျက်ရှိပါသည်။ သစ်တောစိုက်ခင်းတည်ထောင် နိုင်မှုမှာ ပုဂ္ဂလိကကျွန်း စိုက်ခင်း(မရှိပါ)၊ သစ်မာ (၂၄၃)ဧက၊ ကျေးရွာထင်းစိုက်ခင်း (၃၀)ဧက ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

-----------------------------------------------------------

မင်းဘူး(စကု)မြို့နယ်သည် မြန်မာပြည်အလယ်ပိုင်းဒေသတွင် တည်ရှိသဖြင့် ရေးဘေးအန္တရာယ် ကျရောက်လေ့ရှိပါသည်။ မင်းဘူး(စကု)မြို့နယ်အတွင်း ဧရာဝတီမြစ်၏ စိုးရိမ်ရေမှတ် (၁၇၀၀)စင်တီမီတာ ဖြစ်ပါသည်။ မိုးတွင်းကာလတွင် မတော်တဆရေကြီးမှုများ မဖြစ်ပွားစေရေးအတွက် ဒေသခံပြည်သူများအား လှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပူပြင်းခြောက်သွေ့သည့် ရာသီတွင်လည်း မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို သက်ဆိုင်ရာ

ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူဦးရေဆိုင်ရာအချက်အလက်များ**

---

**နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ**

---

မင်းဘူး(စကု)မြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | | | |
|---|---|---|---|
| ၁။ | ကရင် | --- | ၁၁ ဦး |
| ၂။ | ချင်း | --- | ၁၇၀၃ ဦး |
| ၃။ | ဗမာ | --- | ၁၈၁၄၉၈ ဦး |
| ၄။ | ရခိုင် | --- | ၆၉ ဦး |
| ၅။ | ရှမ်း | --- | ၁၂ ဦး |
| ၆။ | မွန် | --- | ၃ ဦး |
| | **မြို့နယ်ချုပ်** | **---** | **၁၈၃၂၉၆ ဦး** |

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

---

မင်းဘူး(စကု)မြို့နယ်၏ ၂၀၁၉ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

**(က) အိမ်ခြေ/ အိမ်ထောင်စု**

---

မင်းဘူး(စကု)မြို့နယ်တွင် မြို့ပေါ်ရှိအိမ်ခြေ (၇၇၃၄)အိမ်၊ အိမ်ထောင်စု (၈၂၀၅)ရှိပါသည်။ ကျေးလက်နေအိမ်ခြေ (၃၂၉၄၄)အိမ်နှင့် အိမ်ထောင်စု (၃၅၂၄၉)စုရှိပါသည်။

**(ခ) လူဦးရေ**

---

**အသက်(၁၈)နှစ်အထက်**

---

မြို့ပေါ်နေ ကျား (၁၀၉၆၆) ၊ မ(၁၃၁၃၈)၊ စုစုပေါင်း (၂၄၁၀၄)

ကျေးရွာနေ ကျား (၄၂၈၉၁) ၊ မ(၄၇၉၃၅)၊ စုစုပေါင်း (၉၀၈၂၆)

**အသက်(၁၈)နှစ်အောက်**

-------------------------------

မြို့ပေါ်နေ ကျား (၇၈၂၀) ၊ မ(၇၉၆၀)၊ စုစုပေါင်း (၁၅၇၈၀)

ကျေးရွာနေ ကျား (၂၆၅၁၄) ၊ မ(၂၆၀၇၂)၊ စုစုပေါင်း (၅၂၅၈၆)

**မြို့နယ်ချုပ်**

-------------------------------

မြို့ပေါ်နေ ကျား (၁၈၇၈၆) ၊ မ(၂၁၀၉၈)၊ စုစုပေါင်း (၃၉၈၈၄)

ကျေးရွာနေ ကျား (၆၉၄၀၅) ၊ မ(၇၄၀၀၇)၊ စုစုပေါင်း (၁၄၃၄၁၂)

**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ**

-------------------------------------------------

**အုပ်ချုပ်ရေးမှူးရုံးများ**

--------------------------

မြို့နယ်အုပ်ချုပ်ရေးမှူး(၁)ဦး
မြို့နယ်ရုံး(၁)ရုံး၊ ရပ်ကွက်ရုံး(၇)ရုံး၊ ကျေးရွာအုပ်စုရုံး(၆၇)ရုံး

**မင်းဘူး(စကု)မြို့နယ်ရှိ ဌာနဆိုင်ရာများ**

-------------------------------------------------

၁။ မြို့နယ်ထွေ/အုပ်ဌာန
၂။ မြို့နယ်တရားရုံး
၃။ မြို့နယ်ဥပဒေရုံး
၄။ မြို့နယ်ကော်မရှင်ရုံး
၅။ မြို့နယ်စာရင်းစစ်ရုံး
၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၇။ မီးသတ်ဦးစီးဌာန
၈။ စည်ပင်သာယာရေးအဖွဲ့
၉။ ပြန်/ဆက်ဌာန

၁၀။ သာသနာရေးဦးစီး
၁၁။ သမဝါယမဦးစီးဌာန
၁၂။ စိုက်ပျိုးရေးဦးစီးဌာန
၁၃။ လယ်စီအင်းဦးစီး
၁၄။ ဆည်မြောင်း
၁၅။ စက်မှုလယ်ယာ
၁၆။ မွေး/ကု
၁၇။ စိမ်း/စို
၁၈။ မိုး/ဇလ
၁၉။ သစ်တော
၂၀။ မြန်မာ့လျှပ်စစ်လုပ်ငန်း
၂၁။ လဝက
၂၂။ စားသုံးသူရေးရာ
၂၃။ အား/ကာ
၂၄။ ပညာရေး
၂၅။ ကျန်းမာရေး
၂၆။ တိုင်းရင်းဆေး
၂၇။ ကျေးလက်ဦးစီးဌာန
၂၈။ ပြည်တွင်းအခွန်
၂၉။ လမ်းဦးစီးဌာန
၃၀။ ကျေးလက်လမ်းဦးစီး
၃၁။ အလုပ်သမား
၃၂။ စီမံကိန်း
၃၃။ လူမှုဖူလုံရေး
၃၄။ ဖွံ့ဖြိုးရေးဘဏ်
၃၅။ သစ်ဆိုင်
၃၆။ ကုန်တင်/ကုန်ချ
၃၇။ စာတိုက်/ကြေးနန်း
၃၈။ ဆက်သွယ်ရေး

**နိုင်ငံရေးပါတီများ**

---------------------

၁။ NLD
၂။ ပြည်ခိုင်ဖြိုး
၃။ တ.စ.ည
၄။ တောင်သူလယ်သမား
၅။ ညီညွတ်သောဒီမိုကရက်တစ်ပါတီ UDP
၆။ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ
၇။ ပြည်သူ့ပါတီ

**ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ**

---

**ပြည်သူ့လွှတ်တော်**

---

ဦးဝင်းဝင်း (NLD ပါတီ)

**အမျိုးသားလွှတ်တော်**

---

ဦးတင်အောင်ထွန်း (NLD ပါတီ)

**စီးပွားရေးဆိုင်ရာအချက်အလက်**

---

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

---

မင်းဘူး(စကု)မြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု ရှိသောမြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြ ပါသည်။ မင်းဘူး(စကု)မြို့နယ်သည် ဒေသများသို့ ကုန်းလမ်း၊ ရေကြောင်းလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ စပါးသီးနှံ နှင့် ဆီထွက်သီးနှံများဖြစ်ပြီး မြန်မာပြည်အထက်ပိုင်းဒေသများသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ မင်းဘူး (စကု)မြို့နယ်သည် မြန်မာပြည်အထက်ပိုင်းဒေသမှ ကုန်ပစ္စည်းများကို အဓိကတင်သွင်းရပါသည်။

**စီးပွားရေးဆိုင်ရာအခြေခံအဆောက်အဦများ**

---

**ကုမ္ပဏီများ၊ ကုန်စည်ဒိုင်၊ ပွဲရုံများ၊ ဈေးနှင့် ကုန်တိုက်များ**

---

(က) ကုမ္ပဏီများ (မရှိ)ပါ

(ခ) ကုန်စည်ဒိုင် (မရှိ)ပါ

(ဂ) ပွဲရုံများနှင့်တည်နေရာ

| | | |
|---|---|---|
| ပန်းတောင်း | - | မင်းဘူး အမှတ်(၄)ရပ်ကွက် |
| ကျောက်တန်း | - | မင်းဘူးအမှတ်(၄)ရပ်ကွက် တမာတန်း |
| စွယ်တော် | - | မင်းဘူးဈေးသစ် |
| သိမ်းလှ | - | မင်းဘူးဈေးသစ် |
| ကောင်းစုသာ | - | မင်းဘူးဈေးသစ် |
| မွန် | - | မင်းဘူးဈေးသစ် |
| သိန်းကမ္ဘာ | - | မင်းဘူးဈေးသစ် |
| ကျော် | - | မင်းဘူးဈေးသစ် |
| ဒေါ်လတ် | - | မင်းဘူး အမှတ်(၃)ရပ်ကွက် |
| ဦးကျော်ဇင်လတ် | - | စကု |
| ဦးလှမိုး | - | စကု (၃)ရပ်ကွက် |
| မြရော | - | မင်းဘူးဈေးသစ် |
| မြညီနောင် | - | ကံကော်လမ်းမင်းဘူး |
| ဦးအေးကြူ | - | မင်းဘူး အမှတ်(၄)ရပ်ကွက် ရှမ်းစု |
| ရခိုင်ပွဲရုံ | - | မင်းဘူးဈေးသစ် |

**ဈေးများနှင့်တည်နေရာ**

---

(က) မင်းဘူး (မြို့မဈေး)

(ခ) စကု(စည်ပင်သာယာဈေး)

**ကုန်တိုက်များ**

---

ကုန်တိုက်များ(မရှိပါ)

**ဘဏ်များ**

------------

၁။ မြန်မာ့စီးပွားဘဏ်
၂။ ဖွံ့ဖြိုးရေးဘဏ်
၃။ ကမ္ဘောဇဘဏ်
၄။ ရိုးမဘဏ်
၅။ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်
၆။ ကမ္ဘာ့ရတနာဘဏ်

**စတိုးဆိုင်နှင့်အရောင်းဆိုင်များ(အရေအတွက်)**

----------------------------------------

| | |
|---|---|
| စတိုးဆိုင် | (၁၃) |
| ရွှေဆိုင် | (၄၁) |
| လျှပ်စစ်ပစ္စည်းဆိုင် | (၁၀) |
| ဖုန်း/ဖုန်းပစ္စည်းအရောင်းဆိုင် | (၂၆) |
| စာအုပ်ဆိုင် | (၃) |
| ဆေးဆိုင် | (၂၀) |
| စားသောက်ဆိုင် | (၄၈) |
| လဖက်ရည်ဆိုင် | (၆၀) |
| ကုန်မာဆိုင် | (၁၉) |
| စိုက်ပျိုးရေးပစ္စည်းဆိုင် | (၂၀) |
| ဆောက်လုပ်ရေးပစ္စည်းဆိုင် | (၃) |
| ဝန်ဆောင်မှုလုပ်ငန်းဆိုင် | (၃၃) |
| ဆန်ဆိုင် | (၂၁) |
| အဝတ်အထည်ဆိုင် | (၁၆) |
| နိဗ္ဗာန်ကုန်ဆိုင် | (၁) |

**မြေအသုံးချမှု**

---------------

အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း (၁၄၆၂၃၁)

| | | |
|---|---|---|
| (က) | လယ်ယာမြေဧရိယာ | (၃၆၂၀၇) |
| (ခ) | ယာမြေ | (၉၈၃၇၀) |
| (ဂ) | ကိုင်း/ကျွန်းမြေ | (၁၁၄၈၇) |

(ဃ) ဥ ယျာဉ်မြေ (၁၆၇)

မြို့မြေ (၉၈၀)
ရွာမြေ (၃၅၃၆)
အခြားမြေ (၇၈၂၆)
ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ (၁၀၈၈၄၆)
တောရိုင်း (၆၇၂၉၂)
မြေရိုင်း (၇၂၁၈
စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ (၆၉၄၀၅)

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

---

**အစိုးရဆည်များ**

---

အိုင်းမဆည် - ရေလွှဲ (တစ်ဘက်ရပ်ဆည်)
အကျိုးပြုဧက - ၃၃၄၀၄

**ကိုယ့်အားကိုယ်ကိုးဆည်များ**

---

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဘန့်ဘွေးဆည် | - | သစ်/မြေသား | အကျိုးပြုဧက | (၁၃၁) ဧက |
| ၂။ | စစ္စလီ | - | သစ်/မြေသား | အကျိုးပြုဧက | (၄၄) ဧက |
| ၃။ | ရိုးကြီး | - | သစ်/မြေသား | အကျိုးပြုဧက | (၅၅) ဧက |
| ၄။ | ကိုင်းတောကြီး | - | သစ်/မြေသား | အကျိုးပြုဧက | (၅၀) ဧက |
| ၅။ | အကျီးရိုးပိတ် | - | သစ်/မြေသား | အကျိုးပြုဧက | (၄၆) ဧက |
| ၆။ | ကိုင်းမကြီးပိတ် | - | သစ်/မြေသား | အကျိုးပြုဧက | (၉) ဧက |
| ၇။ | ကြက်ရုံးကန် | - | သစ်/မြေသား | အကျိုးပြုဧက | (၈၄) ဧက |

**သစ်တောများ**

---

မင်းဘူးမြို့နယ် သစ်တော(ကြိုးဝိုင်း)သည် (၆၀၅၃၄.၆၆)ဧက ကျယ်ဝန်းပြီး (သန်း၊ ဒဟတ်၊ ရှား၊ ထောက်ကြံ့၊ ပျဉ်းမ၊ ပျဉ်းကတိုး) စသည်တို့ပေါက်ရောက်ပါသည်။ သစ်တော (ကြိုးပြင်)သည် (၃၀၄၉၀)ဧက

ကျယ်ဝန်းပြီး (သန်း၊ ဒဟတ်၊ ရှား၊ တမာ၊ နဘဲ၊ သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ရှား၊ ထောက်ကြံ့) စသည်တို့ ပေါက်ရောက်ပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေသည် (၄၃၃၉၇) ဧကကျယ်ဝန်းပြီး (သန်း၊ ဒဟတ်၊ နဘဲ၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ရှား၊ ထောက်ကြံ့ )စသည်တို့ပေါက်ရောက်ပါသည်။

**ဓါတ်အားခွဲရုံအမည်နှင့် ဖြန့်ဖြူးသည့် ဓါတ်အား(KW)**

---

| | | |
|---|---|---|
| ၁။ | မင်းဘူးဓါတ်အားခွဲရုံ | **(3800KW)** |
| ၂။ | မန်းရေနံမြေဓါတ်အားခွဲရုံ | **(1700KW)** |
| ၃။ | ထောက်ရှာပင်ဓါတ်အားခွဲရုံ | **(500KW)** |
| ၄။ | ကမ်းနီရေနံမြေဓါတ်အားခွဲရုံ | **(500KW)** |
| ၅။ | ရေနံဓါတ်ငွေ့ရည်ဓါတ်အားခွဲရုံ | **(1700KW)** |
| ၆။ | လေကြောင်းရန်ကာကွယ်ရေးဓါတ်အားခွဲရုံ | **(10KW)** |
| ၇။ | မန်းစက်ရုံဓါတ်အားခွဲရုံ | **(7311KW)** |
| ၈။ | ထနောင်းတောဓါတ်အားခွဲရုံ | **(10910KW)** |

**ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

---

***ရထားလမ်းနှင့် ဘူတာရုံများ***

********************************

၁။ မင်းဘူး-ပက်ပယ်

၂။ မင်းဘူး-ထနောင်းတော

**ကားဂိတ်များနှင့် ပြေးဆွဲသည့် ခရီးစဉ်များ**

*****************************************

၁။ မန္တလာထွန်း(မင်းဘူး-မန္တလေး)

၂။ နန်းထိုက်တော်ဝင်(မင်းဘူး-ရန်ကုန်)

၃။ ဝင်းရွှေစင်(မကွေး-မင်းဘူး-စစ်တွေ)

၄။ ရွှေပွင့်ဖြူ(ဆင်ဖြူကျွန်း-မကွေး-မင်းဘူး-ရန်ကုန်-မန္တလေး-နေပြည်တော်)

၅။ ရွှေမန္တလေး(မင်းဘူး-ရန်ကုန်-မန္တလေး)

၆။ အီလိုက်(မင်းဘူး-ရန်ကုန်)

၇။ ရွှေသဇင်ခိုင်(ဆင်ဖြူကျွန်း-စလင်း-ချောက်-မင်းဘူး-အမ်း-စစ်တွေ-နေပြည်တော်)

၈။ ပန်းတိုင်(မင်းဘူး-အမ်း)

၉။ ထွန်းရော(မင်းဘူး-မကွေး-ရန်ကုန်)

၁၀။ ရွှေကမ္ဘာ(ဖဲ-မင်းဘူး-မကွေး)

**၁၁။ နဒီရော(မင်းဘူး-ရန်ကုန်)**

**၁၂။ အောင်ကမ္ဘာ(မင်းဘူး-ရန်ကုန်-မန္တလေး-မုံရွာ)**

**၁၃။ အောင်ကမ္ဘာ(မင်းဘူး-မုံရွာ)**

**၁၄။ မျိုးချစ်သူ(မင်းဘူး-အမ်း)**

**၁၅။ နယူးစိန်ငွေးလှိုင်(ဆင်ဖြူကျွန်း-မင်းဘူး-မကွေး-ရန်ကုန်)**

**၁၆။ ပန်တော်ဦး(မင်းဘူး-မန္တလေး၀**

**၁၇။ မင်းလက်ဝါး(ဆင်ဖြူကျွန်း-မင်းဘူး-ရန်ကုန်)**

**၁၈။ အေအေ(မင်းဘူး-မကွေး-မန္တလေး-လားရှိုး)**

**၁၉။ ရွှေမြန်မာ(မင်းဘူး-ရှမ်းတပ်)**

**၂၀။ မင်းဘူးယကက(မင်းဘူး-မကွေး-မင်းလှ-ဆင်ဖြူကျွန်း-ငဖဲ-ပဒါန်း-ဇင်ပြွန်း)**

**၂၁။ မိုးသောက်ရောင်နီ(ဆင်ဖြူကျွန်း-စလင်း-မင်းဘူး-မကွေး-မန္တလေး-ရန်ကုန်-နေပြည်တော်)**

**နှစ်ရှည်သီးနှံစိုက်ပျိုးမှုဧက**

**************************

၁။ စပျစ်(၁.၅၇ဧက)

၂။ နဂါးမောက်(၆.၀၀ဧက)

၃။ လျှော်ဖြူ(၇၅.၀၀ဧက)

၄။ ကညွတ်(၃.၁၄ဧက)

၅။ ကြယ်ပဲ(၂.၇၅ဧက)

**ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု**

*****************************************

၁။ ပဲကြီး(ဆောင်း) (၃၄၇ဧက)

၂။ ပဲနောက်(၈၁.၀၀ဧက)

၃။ ပဲလွန်း(၁၁၉၂ဧက)

၄။ ထောပတ်ပဲ(၁၁၀၄ဧက)

၅။ ကုလားပဲ(၁၅၀၃၀ဧက)

၆။ စားတော်ပဲ(၂၉၈ဧက)

၇။ ပဲယင်း(၁၉၇ဧက)

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

********************************

၁။ စက်ချုပ်လုပ်ငန်း (၁၁၆)

၂။ ပန်းတိမ်လုပ်ငန်း (၃၂)

၃။ ပန်းဘဲ (၃)

၄။ မုန့်လုပ်ငန်း (၁၇)

၅။ သနပ်ခါးကြိတ်စက် (၁)

၆။ ဖယောင်းလုပ်ငန်း (၁)

၇။ အုန်းဆံကြိုးလုပ်ငန်း (၁)

**ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်များ**

******************************

၁။ Silver Wave

၂။ စွယ်တော်

၃။ ရဲမာန်ဟိန်း

၄။ Special Pump (1)

၅။ မင်းဘူးစတား

၆။ နဂါးမာန်

၇။ ကျော်စံ

၈။ သဇင်ထက်

၉။ မော်ကွန်းသစ်

၁၀။ ဇင်ယော်မင်း

၁၁။ MPD

၁၂။ Denko

၁၃။ Special Pump(2)\

၁၄။ အေးမြသာယာ

၁၅။ ဒေါ်အေးဟန်

၁၆။ ဦးအေးလွင်

၁၇။ Ama Group

၁၈။ Family

**ရေနံထုတ်လုပ်မှု**

***************

၁။ မန်းရေနံမြေ

၂။ ထောက်ရှာပင်ရေနံမြေ

**ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု**

**************************

၁။ ကျောက်မီးသွေး

**သဘာဝဓါတ်ငွေ့ပိုက်လိုင်း**

***************************

၁။ မြန်မာ-တရုတ်

**သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ**

**********************************

၁။ PIC

**ပေ(၁၈၀)အထက်တံတားများ**

**++++++++++++++++++++++**

၁။ ဧရာဝတီတံတား(မကွေး)

၂။ မန်းချောင်းတံတား(ဥ_ယျာဉ်)

၃။ ဆားပွက်ချောင်းတံတား

၄။ ရွှာသာယာတံတား

၅။ ၁/၁၁ မန်းချောင်းတံတား(စကု)

၆။ ပိုက်သင်တံတား

**ထင်ရှားသည့် ဘုရား၊ စေတီပုထိုးများ**

---

မန်းရွှေစက်တော်ဘုရား၊ ဓါတ်တော်ကုန်းဘုရား၊ ရှင်ပင်စက္ကိန္တဲစေတီတော်၊ ထေရ်ကြီးဘုရား

**သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့် နေရာများ**

---

ဦးဩဘာသပိဋကတ်တိုက်၊ မှန်ကင်းရုပ်စုံ၊ ပိဋကတ်တိုက်

**ထင်ရှားသည့် ဘုန်းတော်ကြီးကျောင်းများ**

---

မဟာဝိသုတာရာမတိုက်သစ်၊ မှန်ကင်းပရိယတ္တိစာသင်တိုက်၊ မဟာဓမ္မိကာရာမစာသင်တိုက်

**ပညာရေးကဏ္ဍ**

---

မင်းဘူး(စကု)မြို့နယ်တွင် အထကကျောင်း(၉)ကျောင်း၊ အထက(ခွဲ) ကျောင်း (၂၅)ကျောင်း၊ အလက ကျောင်း (၂၅)ကျောင်း၊ အလက(ခွဲ) ကျောင်း(၈)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁၉)ကျောင်း၊ အမကကျောင်း(၅၉)ကျောင်း၊ အမက(ခွဲ)ကျောင်း(၃)ကျောင်း၊ မူလတန်းကြိုကျောင်း(၁၁)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁၀)ကျောင်း

**ကျန်းမာရေးကဏ္ဍ**

**---------------**

***ဆေးရုံများ**

**၁။ မင်းဘူးဆေးရုံ**

**၂။ စကုဆေးရုံ**

**၃။ ရွာသာယာတိုက်နယ်**

**၄။ မုန်တောင်တိုက်နယ်**

**၅။ နဂါးနီဆေးရုံ(ပုဂ္ဂလိက)**

**ကျေးလက်ကျန်းမာရေးဌာန**

**------------------------**

၁။ ရွာသာယာ

၂။ မုန်တောင်

၃။ ဆင်ခေါင်း

၄။ ကူရွာ

၅။ လက်ပတော

၆။ ဥယျာဉ်

၇။ ခန်ကုန်း

၈။ ကျောက်စံ

**ကျေးလက်ကျန်းမာရေးဌာနခွဲ**

**************************

၁။ ဖလံရုံ

၂။ ထောက်ရှာပင်

၃။ မန်ကျီးသုံးပင်

၄။ မန်ကျီးပင်

၅။ ရေပေါ်လေး

၆။ ကျွန်းပြား

၇။ ခရကန်

၈။ မောင်းမကန်

၉။ ရေတွင်းကုန်း

၁၀။ ချောင်းဖြူ

၁၁။ ကိုင်းတောလေး

၁၂။ ကုန်းသာ

၁၃။ တောင်မန်း

၁၄။ ပင်လယ်သက်

၁၅။ ရေပုတ်

၁၆။ မယ်ဘော့ကုန်း

၁၇။ မန်းကျိုး

၁၈။ ပေါက်ငူ

၁၉။ ရွှေချောင်း

၂၀။ ပန်းလွှား

၂၁။ တောကျောင်းကုန်း

၂၂။ မင်းရွာ

၂၃။ ကိုင်းမကြီး

၂၄။ ကသက်

၂၅။ ကုတင်ကုန်း

၂၆။ ပေါင်းရွာ

၂၇။ အိုးပြင်မဲ

၂၈။ ပဒေါင်း

၂၉။ မင်းလှကျင်း

၃၀။ သံပုရာကိုင်း

၃၁။ ဘုရား

၃၂။ ဖလံတော

၃၃။ ကျောက်စစ်ပုံ

၃၄။ ကဒီး

၃၅။ ဥ_ယျာဥ်ဇင်

ဒေသတွင်းအများဆုံး ဖြစ်တတ်သော ရောဂါများ

****************************************

ငှက်ဖျား၊ ဝမ်းလျှော၊ တီဘီ၊ ဝမ်းကိုက်၊ အသည်းရောင်

မှတ်ချက်။ လက်လှမ်းမှီသမျှသာ တင်ပြခြင်းဖြစ်ပါသည်။

